# မြန်မာ့အမျိုးသမီးသမဂ္ဂ

နိုဝင်ဘာလ၊၂၀၂၅ ခုနှစ်

## “အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် အမျိုးသမီး ၅၁ ဦး သေဆုံး။”




၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့၊ ဝက်လက်မြို့နယ်တွင် အတက်ရောဂါ ခံစားနေရသည့် စစ်သား ၁ ဦးအား ပရိတ်ရေ ဖြန်းပေးသည့် အသက် ၆၀ နှစ် အရွယ် ဒေါ်ဆန်းလွင်ကို စစ်တပ်က ပစ်သတ်ခြင်း ဖြစ်စဉ်။




၂၀၂၅ ခုနှစ်၊နိုဝင်ဘာလ ၂၁ ရက်နေ့ ပဲခူးတိုင်း၊ အုတ်တွင်းမြို့နယ်၊ သရက်တောကျေးရွာ ဒရုန်းနဲ့ဗုံးကြဲခံရတာကြောင့် မိန်းကလေးငယ် ၁ ဦး သေဆုံးပြီး ၂ ဦးဒဏ်ရာရခြင်း ဖြစ်စဉ်။

| သေဆုံးသူ- (၅၁) ဦး | ထိခိုက်ဒဏ်ရာရရှိသူ - (၅၇) ဦး |
|---|---|


တရားမဝင် အကြမ်းဖက် စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုသည် (၅) နှစ် နီးပါးရှိတော့မည် ဖြစ်သည်။ အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက်ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း နေ့စဉ် နှင့်အမျှ အသက်ဆုံးရှုံး နေရသည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့မှ (၃၀) ရက်နေ့အတွင်း အမျိုးသမီး (၅၁) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် ထူးခြား ဖြစ်စဉ်များ အနေဖြင့် နိုဝင်ဘာလ (၄) ရက်နေ့ တွင် သံတောင်ကြီးမြို့နယ် အတွင်းရှိ အကြမ်းဖက် စစ်တပ်၏ ဘုရင့်နောင် သင်တန်းကျောင်းမှ စစ်သားများနှင့် ၁၂၄ တပ်ရင်းမှ စစ်သားများ စနေကုန်းကျေးရွာနေ အသက် ၁၈ နှစ်အရွယ် အမျိုးသမီးငယ်အား စစ်သား (၃) ဦးမှ အုပ်စုဖွဲ့ အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နှင့် နိုဝင်ဘာလ (၇) ရက်တွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အောင်ဖြူပြင်ကျေးရွာနှင့် ယိုးတရုပ်ကျေးရွာတို့အား အကြမ်းဖက် စစ်တပ်မှ လေကြောင်း တိုက်ခိုက်သည့် ဖြစ်စဉ်ဖြစ်ပြီး ထို ဖြစ်စဉ်တွင် အမျိုးသမီး (၄) ဦးထိ သေဆုံးခဲ့သည်။ အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့်မှုများအပြင် မြေပြင်မှ အချက်အလက် ကောက်ယူထားမှုများကို ပြန်လည် စုစည်းတင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင်အခြေအနေတွင် မိမိတို့အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။

# အမျိုးသမီးသေဆုံးသူ အရေအတွက်နှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်

| အကြောင်းအရာ | သေဆုံးသူ အရေအတွက် | ထိခိုက်ဒဏ်ရာရသူ အရေအတွက် |
|---|---|---|
| လေကြောင်းတိုက်ခိုက်ခံရမှု | ၃၇ | ၃၈ |
| လက်နက်ကြီး ပစ်ခတ်ခံရမှု | ၁၀ | ၁၂ |
| မတရား သတ်ဖြတ်ခံရမှု | ၄ | ၀ |
| မြေမြှုပ်မိုင်း | ၀ | ၁ |
| ပဋိပက္ခနှင့်ဆက်နွယ်သောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု | ၀ | ၅ |
| အကျဉ်းထောင်အတွင်း နှိပ်စက်ခံရမှု | ၀ | ၁ |

မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ အတွင်း နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၅၁ )ဦး အသက် ဆုံးရှုံးခဲ့ရသည်။ ထို့ကဲ့သို့ အသက် ဆုံးရှုံးခဲ့ရသည့် အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၃၇)ဦး၊ ပြည်သူများ၏ ရွာနှင့်နေအိမ်များအား ပစ်မှတ်ထားလက်နက်ကြီးပစ်ခတ်မှုကြောင့် (၁၀) ဦးနှင့် မတရား သတ်ဖြတ်ခံရမှုကြောင့် (၄) ဦး တို့ ဖြစ်ကြသည်။ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီး (၅၁) ဦးထဲမှ (၆) ဦးသည် အသက် (၁၈) နှစ်အောက်များ ဖြစ်ကြသည်။ ထို့အပြင် အမျိုးသမီး (၅၇) ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် (၃၈)ဦး၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၁၂)ဦး ၊မြေမြှုပ်မိုင်းကြောင့် (၁) ဦး ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကြောင့် (၅) ဦးနှင့် အကျဉ်းထောင်အတွင်း နှိပ်စက်ခံရမှုကြောင့် (၁) ဦးတို့ ဖြစ်ကြသည်။

# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ အတွင်း အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် ရခိုင်ပြည်နယ်မှ (၁၆) ဦး၊ စစ်ကိုင်းတိုင်း ဒေသကြီးမှ (၁၁) ဦး နှင့် မန္တလေးတိုင်း ဒေသကြီးမှ (၉)ဦး ဖြစ်ကြပြီး ရခိုင်ပြည်နယ်သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ အတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး ပြည်နယ်ဖြစ်သည်။